## Instapaper

နှစ်ပေါင်းများစွာ နာမည်ကြီးခဲ့တဲ့ iOS app ဖြစ်တဲ့ Instapaper ကိုအခု Android မှာ အသုံးပြုနိုင်ပြီလို့ သိရပါတယ်။ ဒီ app က web page တစ်ခုကို offline အနေနဲ့ save လုပ်ထားနိုင်ပါတယ်။ Android user တွေဟာ အခုဆိုရင် ဒုတိယလူတွေလို့ခံစားနေစရာမလိုတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အခုဆိုရင် Instapaper ကို Google Play Store မှာ စတာလင်ပေါင် ၁.၉၃ နဲ့ download လုပ်ယူနိုင်ပြီဖြစ်ပါတယ်။ သူ့ကို tablet ရော phone မှာပါအသုံးပြုလို့ရပြီး font တွေ၊ size တွေ၊ line spacing လုပ်တာနဲ့ content ကို folder တွေထပ်ပေါင်းထည့်တဲ့ feature တွေ ပါဝင်ပါတယ်။ တစ်ကြိမ်တည်းနဲ့ ဆောင်းပါးအပုဒ် ၅၀၀ အထိ download လုပ်နိုင်ပြီး Instapaper website မှာ အကန့်အသတ်မရှိ ကိုယ်သိမ်းချင်တဲ့ ပမာဏအထိသိမ်းနိုင်တယ်လို့သိရပါတယ်။

## PicPlz

Instagram ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ PicPlz ကို July လထဲမှာပိတ်တော့မယ်လို့ သိရပါတယ်။ Instagram နဲ့ တော်တော်လေးဆင်တူတဲ့ PicPlz photo- sharing app က ဓာတ်ပုံနဲ့ data တွေအားလုံးကိုဖျက်ပစ်ပြီး ဇူလိုင်လ ၃ရက်နေ့မှာ အပြီးပိတ်ပစ်မှာဖြစ်ပါတယ်။

အဲဒီနေ့ မတိုင်ခင်အထိ ဓာတ်ပုံတွေကို download လုပ်ဖို့ log in ပြုလုပ်နိုင်ကာ PicPlz app ကို အသုံးပြုတဲ့ user တွေကို ကျေးဇူးတင်ကြောင်းနဲ့ ဒီလို app ကို ပိတ်ပစ်လိုက်တာဟာ user တွေအဆင်မပြေမှုတွေဖြစ်ခဲ့ရင် တောင်းပန်တဲ့အကြောင်း website မှာ ရေးသားထားပါတယ်။

## Airtime

Sean Parker နဲ့ သူ့ရဲ့ မိတ်ဆွေဟောင်း Shawn Fanning တို့ဟာ Airtime လို့ခေါ်တဲ့ browser-based video chat service ကို တီထွင်ခဲ့ပါတယ်။ Airtime ဟာ Chatroulette နဲ့ အတော်လေးဆင်တူပြီး Airtime က facebook log in လုပ်ရတာပဲ ရှိပါတယ်။ ကိုယ်နဲ့ share လုပ်တာတူတဲ့ ဘယ်သူနဲ့မဆို chat နိုင်ဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ကိုယ့်ရဲ့လက်ရှိ facebook က friend တွေနဲ့သာမက friend မဟုတ်တဲ့သူတွေနဲ့ပါ chat နိုင်မှာပါ။ Youtube video တွေကိုတင်နိုင်တယ်လို့ သိရပါတယ်။



## Willow Glass



iPhone 4S ၊ Nokia နဲ့ Lumia 900 တို့ရဲ့ screen တွေမှာ အသုံးပြုထားတဲ့ အကြမ်းခံတဲ့ Gorilla Glass ကို တီထွင်ခဲ့တဲ့ Corning company က သူ့ရဲ့နောက်ဆုံးပေါ် နည်းပညာဖြစ်တဲ့ဖောက်ထွင်းမြင်နိုင်တဲ့ အကြည်ရောင် Willow Glass ကို ပွဲထုတ်ခဲ့ပါတယ်။

Willow Glass ဟာ 100 microns လောက်နီးပါးပါးလွှာအောင် ပြုလုပ်လို့ရပါတယ်။ စာရွက်အပိုင်းအစလေး တစ်ခုလိုပဲ အရမ်းကိုပါးလွှာပြီး ကွေးနိုင်ဆန့်နိုင်ပါတယ်။ Touchscreen အတွက် design ပြုလုပ်ထားတာဖြစ်ပြီး ဒီနှစ်ကုန်ပိုင်းလောက်မှာ လုံလောက်တဲ့ပမာဏထုတ်လုပ်သွားမယ်လို့သိရပါတယ်။

## ViewSonic VP3280 LED monitor



Computex မှာ ပြသခဲ့တဲ့ ViewSonic ရဲ့ 150 ppi prototype ရှိတဲ့ VP3280 LED monitor ဟာ 31.5 inch 4K monitor ဖြစ်ပြီး မြင်ဖူးသမျှ 4K display တွေထဲမှာတော့ အထင်ကြီးစရာ အကောင်းဆုံးဖြစ်တယ်လို့ သိရပါတယ်။ 150 pixels per inch ရှိပြီး စုစုပေါင်း dersity အတွက်ကတော့ 88 million pixels ရှိတဲ့အတွက် ကြည်လင်ပြတ်သားတဲ့ပုံရိပ်တွေ ပေးစွမ်းနိုင်ပါတယ်။ ဒီ display က 10 bit 1.07 billion color တွေကို ပြသပေးနိုင်ပါတယ်။ Intel Core i5 powered PC နဲ့ ချိတ်ဆက်ကာ still photo တွေကိုကြည့်နိုင်ပြီး video ကြည့်ဖို့နဲ့ ပုံမှန် computer အသုံးပြုဖို့ဆိုရင်တော့ Corei7 ရှိမှ ဖြစ်ပါလိမ့်မယ်။ ဒီ VP3280 ဟာ film studio တွေ၊ ရုပ်သံလွှင့်ဌာနမှာ ဟောပြော သူတွေ၊ ဓာတ်ပုံဆရာတွေနဲ့ 4K display အသုံးပြုဖို့ လိုအပ်တဲ့ တခြား professional တွေအတွက် အဓိကထားတယ်လို့ သိရပါတယ်။ ဒီ 4K monitor ကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ရောင်းချဖို့ စီစဉ်ထားပြီး သူ့ရဲ့တန်ဖိုးကိုအတိအကျ မသိရသေးပေမယ့် ကားတစ်စီးရဲ့ တန်ဖိုးလောက်ရှိမယ် သိရပါတယ်။

## QuickOffice ကိုဝယ်လိုက်တဲ့ Google

iPad office suite တွေမှာ ဦးဆောင်နေတဲ့ office app တစ်ခုဖြစ်တဲ့ Quick Office Pro HD ကို မွေးထုတ်ပေးခဲ့တဲ့ Quickoffice ကို Google က ဝယ်ယူလိုက်ပြီဖြစ်ပါတယ်။ အနည်းဆုံးတော့ ဒီလိုဝယ်ယူလိုက်တာဟာ iPad user တွေကို iWork နဲ့ တခြား iOS suite တွေကို အသုံးပြုဖို့ လှုံ့ဆော်လိုက်သလိုဖြစ်သွားပါလိမ့်မယ်။

File format တွေကို ကောင်းကောင်းအသုံးပြုနိုင်တဲ့ ဒီ Quickoffice က သူတို့ရဲ့ app product suite ဆီကိုယူဆောင်လာတဲ့ စွမ်းဆောင်ရည်မြင့်နည်းပညာနဲ့ ဆက်ပြီးလုပ်ဆောင်သွားမယ်လို့ Google Engineering Director Alan Warren ကဆိုပါတယ်။

## Asus

၁၈.၄ လက်မအရွယ် Asus Transformer All in One tablet (AiO) ဟာ ကမ္ဘာ့အကြီးဆုံး tablet ဖြစ်တယ်လို့ သိရပါတယ်။ သူက တကယ့်ကို iMac style one-piece desktop နဲ့တူပြီး မြန်ဆန်ပါတယ်။ Screen ကိုလည်း လိုအပ်ရင် ဖြုတ်ထားလို့ ရပါတယ်။ ဇွန်လ ၄ ရက်နေ့က ပြုလုပ်ခဲ့တဲ့ computex ပွဲမှာ AiO က Windows 8 နဲ့ရော ကိုယ်နှစ်သက်တဲ့ OS နဲ့ပါ operation system ၂ ခု run ပြပေးခဲ့ပါတယ်။ Engadget ရဲ့ ဖော်ပြချက်အရတော့ Windows 8 က default OS ဖြစ်ပြီး ကိုယ်နှစ်သက်တဲ့ Android OS ကို button တစ်ခုကိုနှိပ်ပြီး ပြောင်းလဲနိုင်တယ်လို့ သိရပါတယ်။



Asus က AiO အပြင် သွယ်လျပြီး ပေါ့ပါးတဲ့ Taichi လို့ခေါ်တဲ့ Windows 8 laptop ကိုလည်း ထုတ်လုပ်ခဲ့ပါတယ်။ ဒီ laptop ကို အဖုံးပိတ်ထားမယ်ဆိုရင် touchscreen အဖြစ် အသုံးပြုနိုင်ပြီး အဖုံးဖွင့်ထားမယ်ဆိုရင်တော့ အရှေ့အနောက် ၂ ဖက်စလုံးကနေ ပုံတစ်ပုံကို ၂ ယောက်ကြည့်နိုင်ပါတယ်။ ၁၁.၆ လက်မအရွယ်နဲ့ ၁၃.၃ လက်မအရွယ် အရွယ်အစား ၂ မျိုးရွေးချယ်စရာရှိမယ်လို့ သိရပါတယ်။ ပြီးတော့ Intel atom processor အသစ် clover trail အသုံးပြုထားတဲ့ ၁၁.၆ လက်မအရွယ် Windows 8 Asus tablet 810 နဲ့ Nvidia Tegra3 processor အသုံးပြုထားတဲ့ ၁၀.၁ လက်မအရွယ် tablet 600 တို့ကိုလည်း ပွဲထုတ်ခဲ့ပါတယ်။ နောက်ဆုံးတစ်ခုကတော့ Asus Transformer Book ဖြစ်ပါတယ်။ သူ့မှာလည်း Windows 8 ထောက်ပံ့ပေးထားကာ လိုအပ်ရင်တပ်ထားနိုင်သလို ဖြုတ်ထားလို့လည်းရတဲ့ touch-screen ပါဝင်တဲ့ Ivy Bridge-based notebook ဖြစ်ပါတယ်။ 11.6x13x14 inch အရွယ်အစားဖြစ်ပြီးသူ့မှာ 1920 x 1080 HD resolution ပါဝင်ပါတယ်။




## Smart Glass app

Mobile platform ၃ ခုအတွက် Smart Glass လို့ခေါ်တဲ့ Xbox 360 app အသစ်ကို Microsoft ကထုတ်လုပ်ဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ဒီ app က Airplay app နဲ့ ဆင်တူပြီးတော့ Windows Phone တွေ၊ Android ၊ iOS phone တွေနဲ့ tablet တွေမှာ အသုံးပြုလို့ရနိုင်မယ်လို့ ခန့်မှန်းရကာ Microsoft ဟာ Smart Glass နဲ့ ပတ်သက်တဲ့ domain တွေဖြစ်တဲ့ microsoftsmartglass.net နဲ့ xbodsmartglass.net တို့ ဝယ်ယူတာတွေနဲ့ အလုပ်ရှုပ်နေတယ်လို့ သိရပါတယ်။

## iOS6

Apple က iOS6 ကိုအသုံးပြုပြီး သူ့ရဲ့ store တွေကို update လုပ်မယ်လို့ ကောလာဟလတွေထွက်ရှိနေပါတယ်။ iTunes Store ၊ App Store နဲ့ iBookstore တို့ကို update လုပ်လိုက်တဲ့အခါ ဝယ်ယူတဲ့နေရာမှာ မှန်မှန်ကန်ကန်နဲ့ စစ်ဆေးဖြေရှင်းနိုင်မှု ပိုပြီးတိုးတက်သွားစေတယ်လို့ 9 to5 Mac ကဖော်ပြထားပါတယ်။ ဒါဟာအနည်းဆုံး iTunes Store အတွက်တော့ facebook နဲ့ ပေါင်းစည်းတဲ့နေရာမှာ သိသိသာသာထင်ရှားစေတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်စေပါလိမ့်မယ်။ Apple ရဲ့ CEO Tim Cook က Apple ရဲ့ product တွေနဲ့ facebook ရဲ့ ပေါင်းစည်းမှုဟာ မကြာမီမှာပိုပြီးကြီးမား လာတော့မယ်လို့ အရိပ်အမြွက်ပြောဆိုခဲ့တယ်လို့ သိရပါတယ်။



## Samsung smart TVs




Samsung က သူ့ရဲ့ သတ်မှတ်ထားတဲ့ internet connected smart TV တွေ အတွက် သူ့ရဲ့ကိုယ်ပိုင် cloud based gaming ကို ဖန်တီးလိုက်ပါပြီ။ Samsung Cloud Gaming လို့ အမည်ပေးဖြစ်ဖို့ ခန့်မှန်းရတဲ့ဒီ service က OnLive လိုမျိုးကိုယ့်ရဲ့ broadband connection ကနေပြီး game တွေကို stream လုပ်ပေးပါလိမ့်မယ်။ ကုမ္ပဏီရဲ့လက်ရှိ 7000 series နောက်ပိုင်း smart TV တွေမှာ game တွေကို Samsung Smart Hub ကနေ တိုက်ရိုက် launch လုပ်နိုင်ပြီဖြစ်ပါတယ်။ ကုမ္ပဏီက OnLive ရဲ့ ပြိုင်ဘက် Gaikai နဲ့ စာ ချုပ်ချုပ်ဆိုထားကာ Gaikai ကနေ Samsung ကို console game လို game တွေ ထောက်ပံ့ပေးရမှာဖြစ်ကာ ဘယ်အသက်အရွယ်အပိုင်းအခြားမဆို ကစားလို့ရစေဖို့ ရွေးချယ်စရာတွေ အများကြီးလည်းဖန်တီးပေးရမယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ Gaikai က အများအကြိုက်တွေ့တဲ့ game တွေဖြစ်တဲ့ Alan Wake နဲ့ The Sims Medieval and Dragon Age II တို့ကို ထောက်ပံ့ပေးထားပါတယ်။ Samsung Cloud Gaming beta ကို မကြာမီ US မှာ ရရှိနိုင်တော့မယ်လို့ သိရပါတယ်။ ■

## Belkin နဲ့ Matrox



Mac အတွက် USB 3.0 ပါဝင်တဲ့ docking station product နှစ်ခုကို ဒီနှစ် ဇက်တင်ဘာလထဲမှာ ရောင်းချမယ်လို့သိရပါတယ်။ လက်ရှိ Mac တွေမှာ Thunderbolt port ပါဝင်လာတာက အကျိုးရှိပါတယ်။ Belkin နဲ့ Matrox တို့ကမကြာမီမှာ Thunderbolt-equipped laptop တွေနဲ့ desktop ပိုင်ရှင်တွေ အတွက်ပထမဆုံးအနေနဲ့ USB 3.0 ပါဝင်တဲ့ dock တွေ ထောက်ပံ့ပေးမယ်လို့သိရပါတယ်။ Mac တွေအားလုံးမှာတွေ့ရှိရတဲ့ USB 2.0 port တွေနဲ့ ယှဉ်လိုက်ရင် USB 3.0 က speed ပိုမြန်ပါတယ်။ Dockign station ၂ ခု ကတော့ USB 3.0 port ၃ ခုပါဝင်တဲ့ $ 400 တန် Belkin Thunderbolt Express Dock နဲ့ USB 3.0 port တစ်ခုနဲ့ USB 2.0 port ၂ခုပါဝင်တဲ့ $ 249 တန် Matrox Ds1 တို့ပဲ ဖြစ်ပါတယ်။ ■

## Ivy Bridge ultrabook များ

HDD နဲ့ SSD cache ၂ မျိုးပေါင်းစပ်ထားတဲ့ Storage system တွေကို Ivy Bridge-based ultrabook တွေမှာ အများဆုံးတွေ့လာရနိုင်ခြေရှိပါတယ်။ Ultrabook အများစုဟာကုန်ကျစရိတ်တွေကို လျှော့ချဖို့ SSD နဲ့ HDD တွေ ပေါင်းစပ်ဖွဲ့စည်းတဲ့ စနစ်ကိုအသုံးပြုလာနိုင်ပါတယ်။ ခွန်လ ၃ ရက်နေ့တုန်းက Fujitsu က Intel ရဲ့ နောက်ဆုံးပေါ် Ivy Bridge processor အသုံးပြုထားတဲ့ ultrabook အသစ်တွေကို ဂျပန်မှာမိတ်ဆက်ကြေညာခဲ့ပြီး Dell ကတော့ သူ့ရဲ့ xps14 Ivy Bridge ultrabook ကို US မှာ မိတ်ဆက်ခဲ့ပါတယ်။ ၀.၆ လက်မအထူရှိတဲ့ Fujitsu UH75/H ultrabook မှာ ၁၄လက်မအရွယ် display ပါဝင်ပြီး resolution က 1920x1080 အထိရှိပြီး 500GB hard disk drive နဲ့ solid state drive cache တစ်ခုပါဝင်တယ်လို့သိရပါတယ်။ HP ရဲ့ Laptop တွေမှာလည်း 500GB HDD နဲ့ 32GB SSD cache ကို ပေါင်းစပ်အသုံးပြုထားပါတယ်။ ■



# Apple TV

Apple ရဲ့ ဒေါ်လာ၁၅၀၀နဲ့ ဒေါ်လာ၂၀၀၀ အတွင်းတန်ဖိုးရှိတဲ့ TV ဟာ လာမယ့် ၂၀၁၃ ခုနှစ်မှာ ထွက်ရှိမယ်လို့သိရပါတယ်။ အဲဒီ TV မှာ အသုံးပြုထားတဲ့ပစ္စည်းတွေက အစပိုင်းမှာတော့လက်ရှိဈေးကွက်ထဲ က Apple TV set-top box တွေနဲ့ သိပ်တော့မကွာခြားဘူးလို့ analyst Gene Munster ကဆိုပါတယ်။ ဒါပေမဲ့ ၅ နှစ်အတွင်းမှာ လက်ရှိ cable နဲ့ satellite TV တွေကို Apple ကုမ္ပဏီက ဆန့်ကျင်တော်လှန်ပြီး အသုံးပြုသူတွေဟာ မရေတွက်နိုင်လောက်အောင်များပြားတဲ့ channel တွေကို ရွေးချယ်ပြီး ကြည့်ရှုနိုင်အောင် cloud ထဲက DVR ဆီကို ဦးတည်လျှောက်လှမ်းမယ်လို့သိရပါတယ်။ Screen size က ၄၂ လက်မနဲ့ ၅၅ လက်မ အတွင်းရှိမယ်လို့သိရှိရကာ siri ပါဝင်တဲ့အပြင် third-party device တွေနဲ့လည်းချိတ်ဆက်နိုင်ပြီး app တွေ၊ game တွေလည်း run ပေးနိုင်တယ်လို့သိရပါတယ်။




# Amazon ရဲ့ Kindle Software update ထွက်ရှိ

Kindle software version 4.1.0 ဖြစ်တဲ့ fourth generation Kindle ကို ဝယ်ယူနိုင်ပြီလို့သိရပါတယ်။ Keyboard မပါဝင်တဲ့ non-touch screen version ကို ကြော်ငြာနဲ့ဆိုရင် ၇၉ ဒေါ်လာကျသင့်မှာဖြစ်ပြီး ကြော်ငြာမပါရင်တော့ ၁၀၉ ဒေါ်လာကျသင့်မှာ ဖြစ်ပါတယ်။ Free update ကတော့ နောက်ရက်သတ္တပတ်အနည်းငယ်ကျရင် Wi-Fi ကနေတဆင့် အလိုအလျောက် install လုပ်ပေးသွားပါလိမ့်မယ်။ ဒါပေမဲ့ ခုချက်ချင်းလိုချင်ရင်တော့ Amazon ကနေတိုက်ရိုက် download လုပ်ယူပြီး install လုပ်နိုင်ပါတယ်။ ဒီ update မှာ ပိုပြီးကြည်လင်ပြတ်သားလာတဲ့ font ကြောင့် စာဖတ် ရတာပိုကောင်းသွားစေပါတယ်။ Web browser၊ archived items နဲ့ Kindle Store တို့လို feature တွေနဲ့ access လုပ်ဖို့အတွက် control အသစ်တွေလဲ ပါဝင်ပါတယ်။




# Android အတွက် သီးသန့် App




On (x) လို့ခေါ်တဲ့ phone-programming app အသစ်ဟာ Android phone တွေမှာ အသုံးပြုနိုင်ပါတယ်။ လောလောဆယ်မှာတော့ beta version ပဲရှိနေသေးတဲ့ ဒီ app ကို Microsoft Bing team က တီထွင်ခဲ့တာဖြစ်ပါတယ်။ On (x) (အသံထွက် on-Ex) ဟာ ဈေးကွက်ထဲကသုံးနေကျ app တွေလိုပါပဲ။ ကောင်းမွန် app အမျိုးအစားအသစ်တစ်ခုဖြစ်ပါတယ်။ သူက developer တွေနဲ့ နည်းပညာဝါသနာအိုးတွေ Javascript programming interface တွေနဲ့ pre-made recipes တွေ၊ ဒါမှမဟုတ် template တွေကိုသုံးပြီး phone တွေကိုထိန်းချုပ်ခွင့်ပေးထားပါတယ်။ ဥပမာ ဒီနေ့ကိုယ်ကရုံးသွားဖို့ ပြင်ဆင်နေတာဆိုရင် ကိုယ့်ရဲ့ဖုန်းကို ညွှန်ကြားချက်ပေးလိုက်တဲ့အခါ တနေ့တာပြုလုပ်ရမယ့်အချိန်ဇယား အလိုအလျောက်ထွက်ရှိလာလိမ့်မယ်လို့သိရပါတယ်။ On (x) app ကို Google Play Store မှာ download လုပ်လို့ရနေပြီဖြစ်ကာ Windows Phone တွေမှာတော့ ဒီ app ကိုအသုံးပြုလို့မရဘူးလို့သိရပါတယ်။